ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၃၇) ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၇ ရက်

## မာတိကာစဉ်

| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေသတင်းအချက်အလက်များ။ | ၂-၃ |
| ၂။ | အကြမ်းဖက်အုပ်စုအဖြစ်ကြေညာခြင်း အမိန့်ကြော်ငြာစာနှင့်စပ်လျဉ်းသည့် သတင်းစဉ်။ | ၄ |
| ၃။ | ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် တရုတ်နိုင်ငံ၏ အခွန်ကင်းလွတ်ခွင့် အကောင်အထည်ဖော်ဆောင်ရွက်မှုများ။ | ၅ |
| ၄။ | အိန္ဒိယတရားလွှတ်တော်ချုပ်က Kolkata လူသတ် - မုဒိမ်းမှုတွင် နစ်နာသူ၏ အမည်နှင့်ဓာတ်ပုံများ ဖယ်ရှားရန် Wikipedia အား အမိန့်ချမှတ်ခြင်း။ | ၆-၇ |
| ၅။ | Gmail Account များကို ဖျက်သိမ်းနေသည့် Google ။ | ၈-၁၀ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၃၇) ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၇ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေသတင်းအချက်အလက်များ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်**အလက်စနစ်** (MLIS) **တွင် ယခုသီတင်းပတ်အတွင်း** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှထုတ်ပြန်သည့် ယုံမှတ်အပ်နှံမှုအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှထုတ်ပြန်သည့်** အိုဇုန်းလွှာပျက်စီးစေသော အဓိကဒြပ်ပစ္စည်းကို ပြည်တွင်းသို့တင်သွင်းမှုတားမြစ်ခြင်း အမိန့်ကြော်ငြာစာနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းကိုပြင်ဆင်သည့် လုပ်ထုံးလုပ်နည်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ကထုတ်ပြန်သည့် မြန်မာ့စာတိုက်လုပ်ငန်းနှင့်စာချုပ်ချုပ်ဆိုထားသည့် Wepozt Co.,Ltd ကို ကြီးကြပ်ကွပ်ကဲရန် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းခြင်း အမိန့်ကြော်ငြာစာ၊ မြန်မာ့စာတိုက်လုပ်ငန်းနှင့်စာချုပ်ချုပ်ဆိုထားသည့် MYGO Myanmar Co.,Ltd ကို ကြီးကြပ်ကွပ်ကဲရန် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းခြင်း အမိန့်ကြော်ငြာစာနှင့် မြန်မာ့စာတိုက်လုပ်ငန်းနှင့်စာချုပ်ချုပ်ဆိုထားသည့် Myanmar Mass Marketing Co.,Ltd ကို ကြီးကြပ်ကွပ်ကဲရန် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းခြင်း အမိန့်ကြော်ငြာစာတို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၄၂(ခ) အရ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အိုဇုန်းလွှာပျက်စီးစေသော အဓိကဒြပ်ပစ္စည်းကို ပြည်တွင်းသို့တင်သွင်းမှုတားမြစ်ခြင်းအမိန့်ကြော်ငြာစာအား ၉-၈-၂၀၂၄ ရက်နေ့၌ အမိန့်ကြော်ငြာစာအမှတ် (၇၁/၂၀၂၄) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

ထိုအမိန့်ကြော်ငြာစာတွင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၃) ၏ သဘောတူခွင့်ပြုချက်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFCs/ R -22)

သုံးစွဲမှုလျှော့ချရပ်ဆိုင်းရေး စီမံခန့်ခွဲမှုကိန်းအရ အိုဇုန်းလွှာထိခိုက်ပျက်စီးမှုကို ထိန်းချုပ်ကာကွယ်နိုင်ရန် အိုဇုန်းလွှာပျက်စီးစေသော အဓိကဒြပ်ပစ္စည်းဖြစ်သည့် HCFC-22/ R- 22 အပါအဝင် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန်(HCFCs) အသုံးပြုသည့်မြင်းကောင်ရေ ၂.၅ (21000 BTU/ hr) နှင့် အထက်စွမ်းအား(Capacity)ရှိပြီး လေအေးပေးစက်နှင့်အကြီးစားစက်ပစ္စည်းများဖြစ်သည့် လုပ်ငန်းသုံးရေခဲသေတ္တာများ (Commercial Refrigerator)၊ အေးခဲသိုလှောင်ခန်းများ (Cold Storage)၊ အေးခဲစက်များ(Chiller)ပြည်တွင်းသို့တင်သွင်းမှုကို အမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစ၍ ရက်ပေါင်း ၉၀ ပြည့်မြောက်သည့် ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့မှစ၍ တားမြစ်လိုက်ကြောင်း သိရှိရပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာခြင်း အမိန့်ကြော်ငြာစာနှင့် စပ်လျဉ်းသည့် သတင်းစဉ်

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆ ပုဒ်မခွဲ ( င)နှင့် ပုဒ်မ ၇၂ ပုဒ်မခွဲ(ခ)ပါလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့်အကြမ်းဖက်အုပ်စုအဖြစ်ကြေညာခြင်းအမိန့်ကြော်ငြာစာကို ၂-၉-၂၀၂၄ရက်နေ့တွင် အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၂၄) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

ယင်းအမိန့်ကြော်ငြာစာတွင် The Myanmar National Democratic Alliance Army (MNDAA) လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့နှင့် Ta'ang National Liberation Army (TNLA) လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့တို့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်မှုဖြစ်သည့်အများ ပြည်သူ၏လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကိုဖြစ်စေ၊ အများပြည်သူ သို့မဟုတ် တစ်ဦး တစ်ယောက်အတွက် အရေးကြီးသောအခြေခံအဆောက်အအုံများကိုဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကိုဖြစ်စေ ပြင်းထန်စွာ ထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုများဖြစ်သည့် အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်း၊လျှပ်စစ်တာဝါတိုင်များကိုဖောက်ခွဲဖျက်ဆီးခြင်း၊လူနေထူထပ်သည့်မြို့ရွာများကို အဝေးမှ နေ၍ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drop Bomb များချ၍တိုက်ခိုက်ခြင်း၊ အပြစ်မဲ့ ပြည်သူများကိုသတ်ဖြတ်ခြင်း၊အတင်းအဓမ္မလူသစ်စုဆောင်းခြင်း၊ နိုင်ငံတော်ပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကိုဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို နိုင်ငံတော်အတွင်းအခြေပြု၍ နိုင်ငံတော်ကိုအကြမ်းဖက်မှုများ ကျူးလွန်လျက်ရှိသဖြင့် The Myanmar National Democratic Alliance Army (MNDAA) အဖွဲ့နှင့် Ta'ang National Liberation Army (TNLA) အဖွဲ့တို့ကို အကြမ်းဖက်အုပ်စုအဖြစ် ကြေညာလိုက်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊အမိန့်နှင့် ညွှန်ကြားချက်များစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ် : အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၃၇)　　　　၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၇ ရက်

## ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် တရုတ်နိုင်ငံ၏အခွန်ကင်းလွတ်ခွင့် အကောင်အထည်ဖော်ဆောင်ရွက်မှုများ

တရုတ်နိုင်ငံသည် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများမှ ထုတ်ကုန်များအားလုံးအပေါ် အခွန်ကင်းလွတ်ခွင့်ပြုရန် ပထမဆုံးဆောင်ရွက်မည့်နိုင်ငံဖြစ်ပြီး အဓိကကျသည့်ကမ္ဘာ့စီးပွားရေးနိုင်ငံဖြစ်လာပါသည်။ ထိုသို့ဆောင်ရွက်ခြင်းသည် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများက တရုတ်နိုင်ငံသို့တင်ပို့မှုကို အရှိန်မြှင့်ရန်နှင့် တရုတ်နိုင်ငံ၏စျေးကွက်တွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ အခွင့်အလမ်းများရရှိရန် ကူညီနိုင်ရေးအတွက် အဓိကကျသည့်အခန်းကဏ္ဍမှပါဝင်ရန် ရည်ရွယ်ပါသည်။

တရုတ်နိုင်ငံသည် ၎င်းတို့နှင့်သံတမန်ဆက်ဆံရေးရှိသည့်ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများမှ စတင်တင်သွင်းလာသည့် ပစ္စည်းများအပေါ် အခွန် ၁၀၀ ရာခိုင်နှုန်းလျှော့ချပေးမည့်မူဝါဒအား ဒီဇင်ဘာလ ၁ ရက်နေ့မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါသည်။ အဆိုပါမူဝါဒအရ အခွန်အကန့်အသတ်ဖြင့် ခွင့်ပြုသည့်ထုတ်ကုန်များသည် အခွန်အကန့်အသတ်ဖြင့်ခွင့်ပြုသည့်ပမာဏမှ zero အထိလျှော့ချပေးမည်ဖြစ်ပြီး အရေအတွက်ကန့်သတ်မှုမရှိသည့်ထုတ်ကုန်များမှာ ပြောင်းလဲမှုရှိမည်မဟုတ်ပါ။

တရုတ်နိုင်ငံသည် Ethiopia, Burundi, Gabon နှင့် Zimbabwe စသည့်နိုင်ငံများအပါအဝင် အာဖရိက ၂၂ နိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မူဘောင်သဘောတူစာချုပ်အား လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါသည်။ယင်းသဘောတူစာချုပ်သည် တရုတ်-အာဖရိကနှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုအတွက် လက်တွေ့ကျကျပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ပါသည်။ ထို့ပြင် အဆိုပါမူဘောင်သဘောတူစာချုပ်အရ တရုတ်-အာဖရိကစီးပွားရေးနှင့်ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးအတွက် ရေရှည်တည်မြဲ၍ အကျိုးရှိမည်ဖြစ်ပြီး အာဖရိကထုတ်ကုန်ပစ္စည်းများ တရုတ်စျေးကွက်အတွင်းရောက်ရှိရေးအတွက် အခွင့်အရေးတစ်ရပ်ဖန်တီးနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန

ကျမ်းကိုးစာရင်း:https://global.chinadaily.com.cn/a/202409/13/WS66e39078a4103711928a7c4f.html

## အိန္ဒိယတရားလွှတ်တော်ချုပ်က Kolkata လူသတ် - မုဒိမ်းမှုတွင် နစ်နာသူ၏အမည်နှင့်ဓာတ်ပုံများ ဖယ်ရှားရန် Wikipedia အား အမိန့်ချမှတ်ခြင်း

အိန္ဒိယတရားလွှတ်တော်ချုပ်မှ တရားသူကြီးချုပ် DY Chandrachud ဦးဆောင်သည့်အဖွဲ့က RG Kar Medical College Hospital လူသတ်-မုဒိမ်းမှုမှ နစ်နာသူ၏အမည်နှင့်ဓာတ်ပုံများကို Wikipedia မှချက်ချင်းဖယ်ရှားပေးရန် ၁၇-၉-၂၀၂၄ အင်္ဂါနေ့က အမိန့်ချမှတ်ခဲ့ပါသည်။

တရားရုံးက ၂၀-၈-၂၀၂၄ ရက်နေ့၌ လူမှုကွန်ယက်နှင့်မီဒီယာများတွင် ဖော်ပြထားသည့်နစ်နာသူ၏ အမည်နှင့်ဓာတ်ပုံများအား ဖယ်ရှားရန် တိကျရှင်းလင်းသည့်ညွှန်ကြားချက်တစ်ရပ်အား ကနဦး ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ တရားရုံးက ယခင်ထုတ်ပြန်ခဲ့သည့်ညွှန်ကြားချက်တွင် Wikipedia အပါအဝင် သတင်းမီဒီယာများအားလုံးလိုက်နာရမည်ဖြစ်ကြောင်း၊ သေဆုံးသူ၏ဂုဏ်သိက္ခာနှင့်Privacy အတွက် လူသတ်-မုဒိမ်းမှုမှ နစ်နာသူ၏သတင်းအချက်အလက်များအား ထုတ်ဖော်ခြင်းမပြုခြင်းသည် လိုက်နာရမည့်စည်းကမ်းဖြစ်ကြောင်း ထပ်လောင်းဖော်ပြထားပါသည်။ အမှုကြားနာနေစဉ်အတွင်း Wikipedia သည်အမှုနှင့်သက်ဆိုင်သည့် link များကိုဖော်ပြထားသည်ကိုတွေ့ရှိရပြီး ဖော်ပြချက်ပါဓာတ်ပုံများမှာ နစ်နာသူ၏ဓာတ်ပုံအမှန်မဟုတ်ပါ။ ထိုကဲ့သို့ အလွဲတင်ပြထားမှုအားရှောင်ရှားရန်အတွက် ဓါတ်ပုံများ ဖယ်ရှားပေးရန် တရားရုံးက ညွှန်ကြားခဲ့ပါသည်။

တရားရုံးက "တရားခံသေဆုံးသည့်တိုင် မုဒိမ်းမှုတွင် နစ်နာသူ၏သတင်းအချက်အလက်များအား သက်ဆိုင်ရာစီရင်ပိုင်ခွင့်ရှိသည့်အာဏာပိုင်၏ ခွင့်ပြုချက်မရရှိသည့်အခြေအနေတွင် သတင်းအချက် အလက်များကို ထုတ်ဖော်ပြောကြားခြင်းမပြုဘဲ ထိန်းသိမ်းထားရမည်"ဟု ယခင် Nipun Saxena V Union of India အမှုတွင် ချမှတ်ခဲ့သည့်လမ်းညွှန်ချက်များအား အထောက်အထားပြုခဲ့ပါသည်။ တရားရုံးက West Bengal အစိုးရ၏မကြာသေးခင်က ထုတ်ပြန်ခဲ့သောအမိန့်ကြော်ငြာစာတွင် အမျိုးသမီး ဆရာဝန်များ၏လုံခြုံရေးအရ ညဘက်တာဝန်ထမ်းဆောင်ခြင်းကို ရှောင်ရှားသင့်ကြောင်း အကြံပြုချက်အား အတည်မပြုကြောင်း ဖော်ပြခဲ့ပါသည်။

အဆိုပါ အမှုသည် ပြည်သူလူထု၏စိတ်ဝင်စားမှုခံနေရပြီး ဗဟိုစုံစမ်းစစ်ဆေးရေးအဖွဲ့ (CBI) ကလည်း စုံစမ်းဖော်ထုတ်နေဆဲဖြစ်ပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကျမ်းကိုးစာရင်း

http://www.jurist.org/news/2024/09/india-supremer-court-orders-wikipedia-to -remove-name -and -photo- of- victim-in -kolkata-rape-murder-case/

**Gmail Account များကို ဖျက်သိမ်းနေသည့် Google**

Google သည် Gmail အသုံးပြုသူ သန်း ၁၈၀၀ ခန့် ရှိသည့် အခမဲ့အီးမေးလ်အသုံးပြုမှု ဈေးကွက်ကို လွှမ်းမိုးလျက်ရှိပါသည်။ ထို့ကြောင့် Gmail Account များကို ဖျက်သိမ်းနေသည့် သတင်းသည် လူအများကြား စိုးရိမ်စရာကိစ္စရပ်ဖြစ်လာခဲ့ပါသည်။ ယခုအချိန်တွင် Google သည် အသုံးပြုခြင်းမရှိတော့သည့် Gmail Account များကိုပစ်မှတ်ထား၍ ပိတ်သိမ်းမှုပြုလုပ်လျက်ရှိပါသည်။

Google's inactive account policy အရ အသုံးပြုခြင်းမရှိသည့် Account ဆိုရာတွင် နှစ်နှစ်ကာလအတွင်း အသုံးပြုခြင်းမရှိသည့် Gmail Account များကို ဆိုလိုခြင်းဖြစ်ပြီး ယင်း Account များရှိ အကြောင်းအရာများနှင့် ယင်း Account များဖြင့် သိမ်းဆည်းထားသည့် ဓါတ်ပုံများ၊ စာရွက်စာတမ်းများ၊ တွေ့ဆုံမှုမှတ်တမ်းများကိုပါ ဖျက်သိမ်းမည်ဖြစ်ကြောင်း Google ၏ ထုတ်ကုန်စီမံခန့်ခွဲရေး ဒုတိယဥက္ကဌဖြစ်သူ Ruth Kricheli က ပြောကြားပါသည်။

ဆက်လက်၍ Ruth Kricheli က Google သည် Gmail Account အသုံးပြုသူများအတွက် လုံခြုံစိတ်ချမှုရှိစွာ အသုံးပြုနိုင်စေရန် ငွေနှင့်အချိန်တို့ကို များစွာရင်းနှီးမြှုပ်နှံထားကြောင်း၊ Account တစ်ခုကို အချိန်ကြာမြင့်စွာ အသုံးပြုခြင်းမရှိပါက ထိခိုက်လာနိုင်ဖွယ်ရာရှိကြောင်း၊ ယင်းသို့ထိခိုက်လာနိုင်သည့် အကြောင်းရင်းများအနက်တစ်ရပ်မှာ အသုံးပြုခြင်းမရှိတော့သည့် Account များသည် Account သို့ဝင်ရောက်မှု (log in) အထောက်အထားအားနည်းခြင်းနှင့် နှစ်ဆင့်ခံလုံခြုံရေးစနစ် (Two-factor Authentication)ထားရှိမှုမရှိခြင်းတို့ ဖြစ်ပေါ်လျက်ရှိကြောင်း၊ Account များ အချင်းချင်းကြား password များ မကြာခဏမျှဝေခြင်းသည် Account လုံခြုံရေးကို ထိခိုက်လာနိုင်ကြောင်း၊ အချိန်ကြာမြင့်စွာအသုံးပြုမှုမရှိသည့် Account များသည် အသုံးပြုဆဲဖြစ်သည့် Account များထက် အားနည်းချက်များ ပိုမိုရှိနေခြင်းကြောင့် အဆိုပါ Account များကို ယခုကဲ့သို့ ဖျက်သိမ်းရခြင်းဖြစ်ကြောင်း သိရှိရပါသည်။

Gmail Account များကို မှားယွင်းဖျက်သိမ်းမှု မဖြစ်ပေါ်စေရေးအတွက် ဆောင်ရွက်ရာ၌ (၂) နှစ်အတွင်း အသုံးပြုနေသည့် Account ဟုတ် မဟုတ် Google က အဆင့်သုံးဆင့်ဖြင့် အကဲဖြတ်မည်ဖြစ်ကြောင်း၊ ယင်းအဆင့်သုံးဆင့်မှာ email များပို့ခြင်း ၊ ဖတ်ခြင်း ရှိ မရှိ၊ သက်ဆိုင်ရာ Account များဖြင့် Google သို့ ဝင်ရောက်ထားပြီး ဓါတ်ပုံများမျှဝေခြင်း၊ Youtube မှ Video များကြည့်ရှုခြင်းရှိ မရှိ၊ Google Drive နှင့် Search များ အသုံးပြုခြင်း ရှိ မရှိ စသည့်အချက်များဖြင့် အကဲဖြတ်မည်ဖြစ်ပါကြောင်း၊ ယင်းဆောင်ရွက်ချက်များကို တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ်ပြုလုပ်ထားခြင်းနှင့် Account သို့ဝင်ရောက်သည့်အခါ လိုအပ်သည့်လုံခြုံရေးစစ်ဆေးမှု ဆောင်ရွက်ချက်များရှိကြောင်း သေချာစေသည့် Google Account Security Check-Up ကို ဆောင်ရွက်ထားခြင်းတို့သည် Account ဖျက်သိမ်းခံရခြင်းမှ အကာအကွယ်ရရှိမည်ဖြစ်ကြောင်း သိရှိရပါသည်။

Google က Account များကို ဖျက်သိမ်းခြင်းမပြုမီ Account နှင့် Account အတွင်းရှိ အချက်အလက်များကို ကာကွယ်နိုင်သည့်ဆောင်ရွက်ချက်များပြုလုပ်နိုင်ရန် လုံလောက်သည့်အချိန်ပေး၍ ကြိုတင်သတိပေးအကြောင်းကြားစာများပို့မည်ဖြစ်ကြောင်း၊ ယင်းအကြောင်းကြားစာများကို ဖျက်သိမ်းခံရမည့် Account နှင့် ယင်း Account အား ပြန်လည်ရရှိစေရေး ကူညီပေးရန်ထားရှိခဲ့သည့် Recovery Account များသို့ email ဖြင့် ပေးပို့သွားမည်ဖြစ်ကြောင်း၊ သတ်မှတ်ကာလအထိ အသုံးပြုခြင်းမရှိသည့် Gmail Account များကို လက်ရှိအသုံးပြုနေသည့် Account များအဖြစ် သတ်မှတ်နိုင်သည့်အခြေအနေများရှိကြောင်း၊ အဆိုပါအခြေအနေများမှာ ယင်း၏ Google Account သည် Google ထုတ်ကုန်များ၊ အပလီကေးရှင်းများ နှင့် ဝန်ဆောင်မှုများကို ဝယ်ယူထားခြင်း၊ လက်ရှိဖြစ်နေသည့် အကြောင်းအရာတစ်ခုအပေါ် အသင်းဝင်ကြေးပေး၍ ဝယ်ယူထားခြင်း၊ ငွေသားကျန်ရှိသည့်လက်ဆောင်ကတ်များ ဝယ်ယူထားခြင်း၊ လက်ရှိခေတ်စားလျက်ရှိသော ဂိမ်းအပါအဝင် အပလီကေးရှင်းများကို ဝယ်ယူထားခြင်း၊ Family Link Service နှင့် ထိန်းချုပ်ထားသည့် minor account များ active ဖြစ်နေခြင်း၊ ရုပ်ရှင်၊ စာအုပ်နှင့် အခြားသော ဒီဂျစ်တယ်ပစ္စည်းများ ဝယ်ယူထားခြင်းတို့ဖြစ်ကြောင်း၊ inactive account policy သည် Personal Account များအပေါ်တွင်သာ

သက်ရောက်မည်ဖြစ်ပြီး ကျောင်း၊ စီးပွားရေးလုပ်ငန်းများကဲ့သို့သောအဖွဲ့အစည်းသုံး Account များ အပေါ် သက်ရောက်မှုရှိမည်မဟုတ်ကြောင်း သိရှိရပါသည်။

Gmail Account များ၏ activity status များကို Account အတွင်း ဝင်ရောက်ခြင်းဖြင့်သာ စစ်ဆေးနိုင်မည်ဖြစ်ကြောင်း၊ မိမိ Account သို့ ဝင်ရောက်ရာတွင် Password များ မေ့နေပါက ဖုန်းနံပါတ် သို့မဟုတ် recovery email ကို အသုံးပြုခြင်းဖြင့် Account ပြန်လည်ရရှိအောင်ဆောင်ရွက် နိုင်မည်ဖြစ်ပါကြောင်း၊ Device တစ်ခုတည်းရှိ Gmail Inbox တစ်ခုတည်းတွင် Account အများအပြား ထည့်သွင်းအသုံးပြုသူများအနေဖြင့် Google service ၏အပေါ်ညာဘက်ခြမ်းရှိ Account ကိုယ်စားပြုပုံ အားနှိပ်၍ add account ကို ရွေးချယ်ပြီး မိမိလက်ရှိအသုံးပြုမည့် Account အား ထည့်ရမည် ဖြစ်ကြောင်း၊ နောက်ထပ် Account များရှိပါက ယင်းကဲ့သို့ ထပ်မံဝင်ရောက်ပြီး ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ Account ဝင်ရောက်ရာတွင် နှစ်ဆင့်ခံ လုံခြုံရေးစနစ်ထားရှိရမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ပြီး Account များကို ပြောင်းလဲဝင်ရောက်အသုံးပြုပါက Account ဖျက်သိမ်းခံရခြင်းမှ ရှောင်ရှားနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

တရားမစွဲမှီဥပဒေအကြံပေးရေးနှင့် တင်ပြချက်များစိစစ်ရေးဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်:

https://www.forbes.com/sites/daveywinder/2024/09/11/google-is-deleting-gmail-accounts-3-steps-needed-to-keep-yours/?

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

